**ဂုဏ်သရေရှိ လွှတ်တော်အမတ် စကော့ မော်ရစ်စန်**
**လူဝင်မှုကြီးကြပ်ရေးနှင့် နယ်နိမိတ်စောင့်ရှောက်ရေး ဝန်ကြီး**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ (၄) ရက်

## လှေဖြင့် တရားမဝင် ရောက်လာကြသူများအပေါ် ဩစတြေးလျမှ ယခင်ကထက် ပိုတင်းကျပ်လျက်ရှိ

ယခုနှစ် ဇူလိုင် ၁၉ မတိုင်မီ ရောက်ရှိလာသူများကို အမြဲတမ်း စောင့်ရှောက်မှု ဗီဇာ ထုတ်မပေးရန် တားမြစ် ပိတ်ပင်မှု အပါအဝင်၊ ဩစတြေးလျအစိုးရက ချမှတ်လိုက်သည့်လူမှောင်ခိုမှု တိုက်ဖျက်ရေးအစီအမံများသည် အစိုးရ၏ မြဲမြံသော သန္နိဋ္ဌာန်ကိုပြသလိုက်ခြင်း ဖြစ်သည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်စောင့်ရှောက်ရေး ဝန်ကြီး စကော့ မော်ရစ်စန်က ယနေ့ ပြောကြားလိုက်ပါသည်။

လှေဖြင့် တရားမဝင် ဝင်ရောက်လာသူများအတွက် တင်းကျပ်သော အစီအမံသစ်များကို ဒီဇင်ဘာ (၃) ရက်နေ့က ထုတ်ပြန် ကြေညာ လိုက်ခြင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက် မတိုင်မီ ဩစတြေးလျသို့ ရောက်လာသူ မည်သူကိုမျှ အမြဲတမ်း စောင့်ရှောက်မှု ဗီဇာများ ထုတ်ပေးတော့မည်မဟုတ် ဟူသည့် ပိုမိုတင်းကျပ်သော စည်းမျဉ်း ထုတ်ပြန်ချက်များအောက် အကျုံးဝင်ပါသည်။

"ကျွန်တော်တို့(အစိုးရ)ဟာ လှေနဲ့ တရားမဝင် ဝင်လာသူတွေကို ဒီမှာ အခြေချ နေထိုင်ခွင့် ပေးတော့မှာ မဟုတ်ဘူး" ဟု မစ္စတာ မော်ရစ်စန်က ဆိုပါသည်။

"ကျွန်တော်တို့ရဲ့ သန္နိဋ္ဌာန်က ယိမ်းယိုင်ခြင်း မရှိပါဘူး။ ဘာခြွင်းချက်မှ မထားပါဘူး"။

ဩစတြေးလျအစိုးရ၏ အမှာစကားက ပြတ်သားကြောင်း၊ နေခွင့်ပေးမှာ မဟုတ်သည့် အတွက် မလာသင့်ကြောင်း မစ္စတာ မော်ရစ်စန်က ပြောပါသည်။

"လှေနဲ့ တရားမဝင် ရောက်လာသူ ဘယ်သူမဆို ပါပူးဝါး နယူးဂီနီ ဒါမှမဟုတ် နာအူရူးကို ပို့ဆောင်ခံရမှာ ဖြစ်တယ်" ဟု မစ္စတာ မော်ရစ်စန်က ပြောပါသည်။

လူမှောင်ခိုတွေက လူအများကို လှေခရီးဖြင့် ဝင်ကြရန် တိုက်တွန်းကြမည် ဖြစ်သော်လည်း၊ ထိုသူများ၏ လိမ်ညာမှုတွေကို နားမယောင် သင့်ကြောင်း မစ္စတာ မော်ရစ်စန်က ပြောကြားလိုက်ပါသည်။

"ဒီလိုခရီးနှင်လာသူတွေဟာ သူတို့ရဲ့အချိန်နဲ့ငွေကို အလဟဿ အကုန်ခံနေကြတာပဲ"ဟု မစ္စတာမော်ရစ်စန်က ဆိုပါသည်။

"လှေနဲ့ တရားမဝင် လာသူတွေအတွက် ပြည်ဝင်ခွင့် ဗီဇာ မရှိပါ" ဟု သူက ထပ်မံပြောကြားပါသည်။

**အချက်အလက် ထပ်မံ သိလိုပါက၊ ဆက်သွယ်ရန် -**

Julian Leembruggen
Media Adviser

Office of the Hon Scott Morrison MP
Minister for Immigration and Border Protection
Canberra: +61 2 6277 7860 | Mobile: +61 400 813 253
julian.leembruggen@immi.gov.au